
ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထု

# မြွေတစ်ရာဂူ



# အခန်း(၁)

# မြွေတစ်ရာ ဝိညာဉ်ခေါ်သံ

နေဝင်လုပြီ ...။

ဝင်လုဆဲ နေလုံးနီနီကြီးက မြွေတစ်ရာဂူတောင် အနောက်ဘက်တောင်စောင်းထက်တွင် မေးတင်ခိုနားလျက်ရှိပါချေပြီ။ ပုစွန်ဆီရောင် တိမ်တောင်ကြက်သွေး ရောထွေးယှက်သန်းနေသည့် ညနေဆည်းဆာအောက်တွင် ကျည်ကျည်ကျာကျာ တစာစာ အော်မြည်ပာစ်ကြွေးနေကြသော ငှက်ငယ် တစ်အုပ်ကလည်း မြွေတစ်ရာဂူတောင်၏ ဆည်းဆာအလှပန်းချီကားချပ်ကို ဖြည့်စွက်ပေးနေသည် သို့ ...။

မိုးဦးကုန်စဆောင်းဦးပေါက် ရာသီအကူးအပြောင်းတွင် တဟူးဟူးတိုက်ခတ်နေသည့် ဆည်းဆာလေရူးထဲဝယ် မြူနှင်းငွေ့မှုန်တို့က စီးမျောပျော်ဝင်လျက်။ မကြာမီ ဝင်ရောက်လာတော့မည့် ဆောင်းညတစ်ညကို တဖွဲဖွဲကျဆင်းစပြုနေပြီဖြစ်သည့် မြူနှင်းမိုးငွေ့တို့က သိမ်းပိုက်ခြယ်လှယ်တော့ မည်ထင့် ...။

ငှက်ခါးမောင်နှံတစ်စုံက သရက်ရိပ်တွင် ခိုဝင်ကာ စောစီးစွာ အိပ်တန်းနေရာရှာဖွေနေကြ သည် မှာ တကီးကီးအော်မြည်လျက်။

သရက်တောတွင်း၌ ဖြတ်သန်းစီးဆင်းနေသော မြွေတစ်ရာချောင်း ၏ ရေစီးသံက သဘာဝဆန်လှသော ဂီတပဥ္စင်တစ်ပုဒ်ကဲ့သို့ …။

မြွေတစ်ရာဂူတောင်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ကြွက်နဖားတောင်၊ မင်းပုန်းတောင်နှင့် မြေဝါတောင်တို့ ကို ဝင်လုဆဲ ဆည်းဆာနေလုံးကြီးအောက်တွင် မှို င်းမှို င်းညို့ညို့နှင့် လွမ်းမောဆွတ်ပျံ့ ဖွယ် တွေ့မြင်နေရပါ၏။ သည် မှာ ဘက်ရှိ မြွေတစ်ရာဂူတောင်ထိပ်တွင် ‘မြွေငန်းရှင်မ’ဟူသော နတ်ကွန်းစင်ယိုင်နဲ့ နဲ့ တစ်ခုသည် ညောင်မုတ်ဆိတ်များ ညောင်ခြေထောက်များ တွဲရွဲရှုပ်ပွေစွာကျနေ သည့် ညောင်မုတ်ဆိတ်ပင်ကြီးသုံးပင် ဝိုင်းရံထားသည့် အလယ်ကောင်မှ ညောင်ပင်ကြီးတွင် ပင့်ကူ မျှင်များ ၊ ဖုန်မှုန့်များ အလိမ်းလိမ်းနှင့် ငြိမ်သက်စွာ တည်ရှိနေပါသည် ။

‘မြွေတစ်ရာဂူတောင်’ဟု အမည်နာမဖွင့်ဆိုထားသည့်အတိုင်း ဤတောင်ထက်ဝယ် ကောင် ရှည်(မြွေ)ကြီးများက လွန်စွာမှ ပေါများ လှပါ၏။ တစ်ခုပဲရှိသည် ။ မြွေတစ်ရာဂူတောင်ဟု ဆိုခဲ့သည့် တိုင် မြွေတစ်ရာဂူကြီးကိုတော့ မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ရှိခဲ့သည် ၊ မြင်ခဲ့ကြရသည် ဆို ခြင်းကိုမူ ယခုအချိန်ထိတိုင် မကြုံဖူး၊ မကြားဖူးခဲ့ကြသေးပါ။ သို့သော်လည်း မြွေတစ်ရာဂူတောင်ကြီး မှာ တောကြမ်းခြင်း၊ မြေကြမ်းခြင်း၊ နတ်ကြမ်းခြင်း … စသော အမှားမခံသော နယ်မြေကြီးတစ်ခု ဖြစ်သဖြင့် သာမန်လူဆိုး၊ လူသားတို့ ကွင်းရှောင်ခဲ့ကြသည့် တောင်တစ်ခုလည်း ဖြစ်ပါချေ၏။ သို့သော် …

ထိုမြွေတစ်ရာဂူတောင်ထက်တွင် လူသားသုံးဦးက လက်နက်ကိုယ်စီနှင့် ရောက်ရှိနေကြပါ သည် ဟု ဆိုပါလျှင် …

ဟုတ်သည် …။ မြွေတစ်ရာဂူတောင်ဆင်းလမ်းကြောလေးအတိုင်း ဆင်းသက်လာကြသည့် မင်းဒင်၊ အုန်းပေါက်နှင့်ကျောက်မီးဆွဲရွာသား ဖိုးနီတို့ မှာ လက်နက်ကိုယ်စီထမ်းလျက် မရွှင်မလန်း နှင့် လေးဖင့်စွာ လျှောက်လှမ်းနေကြပါသည် ။

"ဆရာတို့ ကို ကျုပ် အစကတည်းက ပြောခဲ့သားပဲဗျာ … ကျွဲနဖားတောင်မှာ ပဲ အမဲပစ်ရ အောင်ဆိုတာ … ဆရာတို့ က အရစ်ရှည်ပြီး မြွေတစ်ရာဂူတောင်ကို တက်ခဲ့ကြတာကိုး၊ အခုတော့ တစ်နေသာကုန်သွားရော … ဘာသားကောင်မှ မရခဲ့ဘူးမဟုတ်လား"

ကျောက်မီးဆွဲရွာမှ လမ်းပြမုဆိုးအဖြစ် ငှားရမ်းခေါ်ငင်လာသော မုဆိုးဖိုးနီက မြို့မှ အမဲပစ် ရန်ရောက်ရှိလာသော မင်းဒင်နှင့်အုန်းပေါက်တို့ ပါ မကျေမနပ်ဖြစ်နေကြခြင်းဖြစ်ပါ၏။

"ဟာ … မ … မ … မလုပ်ပါနဲ့ ဆရာတို့ ရယ် … မြွေတစ်ရာချောင်းအစပ်နားမှာ တော့ မပစ် ကြပါနဲ့ ဗျာ၊ ဟို … ဟို … မြွေ … မြွေတစ်ရာဂူတောင်ပိုင်ကြီးတွေက မ … မကြိုက်ဘူး ဆရာရေ"

"အိုး … ကိုဖိုးနီကလည်း ဆွေးမြည့်နေတဲ့ ဓလေ့ထုံးစံကြီးတွေကို အယူသီးမနေစမ်းပါနဲ့ ၊ လောလောဆယ် ဒီကနေ့ နေမဝင်ခင် သားကောင်တစ်ကောင်လောက်တော့ ရမှ ဖြစ်မယ်ဗျို့ "

"ဟုတ်သားပဲ ကိုဖိုးနီရာ … တစ်နေကုန် သားကောင်မရလို့ ဒေါပွနေရတဲ့ အထဲ … ခင်ဗျား သိပ်ပြီးကြောက်နေရင် ဒီနေရာက စောင့်နေခဲ့"

ပြောပြောဆိုဆိုနှင့် မြွေတစ်ရာချောင်းဖျားအထက်ဘက်သို့ ထွက်သွားကြသည့် မင်းဒင်နှင့် အုန်းပေါက်တို့ ကိုကြည့်ကာ လမ်းပြဖိုးနီတစ်ယောက် ခေါင်းကုတ်လျက်သာ ကျန်ရစ်ခဲ့ပါတော့သည်

။

စင်စစ် ... မင်းဒင်နှင့် အုန်းပေါက်တို့ မှာ သုံးလလျှင် တစ်ကြိမ်ခန့် လာရောက်၍ အမဲပစ် တောလည်လေ့ရှိကြသည် ။ သူတို့ နှစ်ဦး ရောက်လာတိုင်း ရှမ်းရိုးမတောင်စွယ်တချို့နှင့် ကျွဲနဖား တောင်တစ်ဝိုက်တွင် သမင်၊ ဒရယ်၊ တောကြောင် စသည့် သတ္တဝါများကို အပျော်တမ်း ပစ်ခတ်ဖမ်း ဆီးလေ့ရှိသည် ။

ကျောက်မီးဆွဲရွာမှ လမ်းပြဖိုးနီအိမ်မှာ ပင် တည်းခိုကာ ဖမ်းဆီးသတ်ဖြတ်မိသမျှ သားကောင် များ ၏ ဦးချိုနှင့် သားရေများကိုသာ ယူငင်ကြပြီး ကျန်အသားများကို ဖိုးနီက ရောင်းတန်ရောင်း၊ စားတန်စားကြလေ့ရှိပါ၏။

မ င်း ဒ င် မှာ စကားအပြောအဆိုချိုသာ၍ ဆက်ဆံရေးကောင်းမွန်သော်လည်း အုန်းပေါက်မှာ မူ ခန္ဓာကိုယ်ကြီးထွား ကြံ့ခိုင်သလောက် တစ်ဇွတ်ထိုး၊ တဇောက်ကန်းသမားတစ်ဦးဖြစ်သည် ။ ယခု လည်း သူ အတန်တန်တားနေသည့်ကြားမှ ထုံးစံအတိုင်း ဇွတ်တရွတ်နှင့် ထင်ရာစိုင်းသွားခဲ့ပြီ မဟုတ် ပါလား။

"အင်း ... အုန်းပေါက် အုန်းပေါက် ... မြွေတစ်ရာဂူနဲ့ မြွေတစ်ရာချောင်းအကြောင်းကို သေသေချာချာ ပြောထားရဲ့ နဲ့ နားမထောင်ဘဲ ဇွတ်တရွတ်ထွက်သွားတော့တာပါလား ... ဟူး"

သစ်ပင်ခြေရင်းတွင် ဒူးလေးကိုထောင်ကာ စိတ်ပျက်အားလျော့စွာ ထိုင်ချလိုက်ရင်း ဖိုးနီတစ် ယောက် သက်ပြင်းမောကြီးတစ်ခုကိုသာ ချလိုက်မိပါတော့သည် ။

ထိုအချိန်တွင် ...

တောင်စွယ်တောင်တန်းများ ထိပ်သို့ တဖြည်းဖြည်းကျဆင်းလာနေသည့် နေလုံးနီနီကြီးက ဩကာသလောကကြီးတစ်ခုလုံးအား နှုတ်ဆက်လက်ပြလျက် ရှိနေပါပြီ။ မင်းဒင်မှာ စိမ်းရင့်ရောင် ပြေးနေသည့် မြေလွှာဆီသို့ ချက်ခနဲငုံ့ကာ ခြေရာလက်ရာခံနေသဖြင့် အုန်းပေါက်က သူ၏ လက်ထဲမှ ရိုင်ဖယ်ပြောင်းဝကို အသင့်ပြင်ကာ ဟိုဟိုသည် သည် မျက်စိဝေ့ဝဲကြည့်လိုက်ပါ၏။

‘ဂစ် … ဂဲ’

ဂွဲခနဲ ဂစ်ခနဲ … မြည်ကာ ကြောက်လန့်တကြားဖြင့် ကောင်းကင်ထက်သို့ ပျံတက်ပြေးသွား သည့် လင်းမြီးဆွဲငှက်တစ်ကောင်၏ အသံကြောင့် အုန်းပေါက်က သူ၏ ရိုင်ဖယ်ကို ဖျတ်ခနဲမကာ ထိုလင်းမြီးဆွဲ ထပျံရာသို့ တန်းခနဲထိုးချိန်လိုက်သည် တွင်

"ဟာ"

ရုတ်တရက်မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် အုန်းပေါက် ဟာခနဲပင် ဖြစ်သွားပါ၏။ ထို့ကြောင့် မင်းဒင်အား ရှူးခနဲအသံပြုကာ ချောင်းရေစပ်ရှိ ကျောက်ဆောင်ထက်သို့ မေးဆတ်၍ ပြ လိုက်သည် ။

"ဟာ … ဖွတ် … ဖွတ်ကြီးတစ်ကောင်ပါလား"

"ရှူး … သိပ်မအော်နဲ့ ကွ … တော်ကြာ ဆင်းပြေးသွားမယ်"

ဟုတ်ပါသည် ။ ပစ်မှတ်က မယုံကြည်နိုင်ဖွယ်ရာပင်။ မိကျောင်းပေါက်တစ်ကောင်နီးပါးရှိ သည့် လွန်စွာကြီးမားလှသော ရောမဖွတ်ကြီးတစ်ကောင်က ချောင်းရေစပ်ရှိ ကျောက်ဆောင်ထက်

တွင် ငြိမ်သက်စွာတည်ရှိနေပါ၏။ ဝင်လုဆဲ နေရောင်ခြည်အောက်တွင် ဖွတ်ကြီး၏ တစ်ကိုယ်လုံး ရွှေရောင်လင်းလက်နေသည် သို့ ...။

ကျောက်ဆောင်ထက်တွင် ဝင်လုဆဲ နေလုံးနီနီရဲရဲကြီးကို မော့ကြည့်နေခြင်းလား၊ အိပ်ပျော် နေခြင်းလား၊ သို့မဟုတ် ဖွတ်မေ့ပဒတ်မေ့ ဖြစ်နေလေခြင်းလားဆိုသည် ကို မသိနိုင်လောက်အောင်ပင် ငြိမ်သက်စွာ ရှိနေပါလေ၏။ ရှားရှားပါးပါး ထူးထူးခြားခြား ရွှေရောင်ပစ်မှတ်သေရှိရာသို့ နှစ်ယောက် သား ရိုင်ဖယ်သေနတ်ကိုယ်စီနှင့် ချိန်ရွယ်လိုက်ကြပါသည် ။

အကွာအဝေးက စိတ်ကြိုက်အနေအထား ...။

ပစ်မှတ်က ငြိမ်သက်နေသော ရွှေရောင်ပစ်မှတ်။

မင်းဒင်နှင့် အုန်းပေါက်တို့ ၏ ညာဘက်လက်ညှိုးများက ရိုင်ဖယ်မောင်းကွင်းအား တဖြည်းဖြည်း ဖိညှစ်ချလိုက်သည် တွင်

'ဒိန်း'

'ဒိန်း'

မရှေးမနှောင်းပင် ကျယ်လောင်စွာထွက်ပေါ်လာကြသော သေနတ်သံနှစ်ချက်နှင့်အတူ ဖွတ်ကြီးက ကျောက်ဆောင်ထက်မှ လွင့်စဉ်ကာ ချောင်းရေစပ်သို့ ဝုန်းခနဲ ပြုတ်ကျသွားပါလေ၏။

'ဝုန်း'

'ဗွမ်း ... ဖရော ... ဝရော ... ဗရော'

သို့သော် ထူးဆန်းစွာပင် ရွှေရောင်ဖွတ်ကြီးအား ချက်ကောင်းကို ထိမှန်ပုံမရ။ ချောင်းရေစပ် သို့ကျလျှင်ကျခြင်းပင် ဖွတ်ကြီးက

ကမ်းစပ်မြက်ရိုင်းတောစပ်ဆီသို့ တဝေါဝေါနှင့် ပြေးဝင်သွားသည် ကို အံ့သြစွာပင် တွေ့မြင်လိုက်ကြရပါတော့သည် ။

"ဟာ ...ဘယ် ... ဘယ်လိုဖြစ်တာလဲဟ"

"ဟေး ... ဒီလောက်ထိချက်ပြင်းတာတောင် မသေပါလား အုန်းပေါက်ရေ"

နှစ်ယောက်သား ကြာရှည်လေးမြင့်စွာ အံ့အားမသင့်နိုင်ပါ။ ချက်ချင်းပင် ချောင်းရေစပ်သို့ လွှားခနဲခုန်ချကာ ဖွတ်ကြီးပြေးဝင်သွားရာ မြက်ရိုင်းတောစပ်သို့ သွက်လက်စွာ ပြေးဝင်လာခဲ့ကြ သည် ။

"ဒီဘက်ကိုလာဟေ့ ... ဒီမှာ စွတ်ကြောင်းကြီးဟ"

ဟုတ်သည် ...။ ဖွတ်ကြီးပြေးဝင်သွားရာ မြက်ရိုင်းတောတစ်လျှောက် ကြီးမားသောစွတ် ကြောင်းကြီးနှင့် သွေးစက်များက အထင်းသားတွေ့မြင်နေရသည် ။ သိပ်ကြာကြာ မရှာလိုက်ရပါ။ ကမ်းခြေသို့ ချိုးကွေ့သွားသော စွတ်ကြောင်းရာ သွေးစက်များ နှင့်အတူ ချောင်းရေထဲသို့ ငုပ်လျှိုးပြေး တော့မည့်ဖွတ်ကြီးကို အုန်းပေါက် အချိန်မီတွေ့လိုက်ရသဖြင့် ခါးကြားမှ ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည် ။

"ဟာ ... ဒီကောင်ကြီး ရေထဲကိုဆင်းပြေးတော့မယ် ကိုင်းကွာ"

'ဝှစ် ... ရွှမ်း'

'ဒုတ်'

သံမဏိရောင် အလင်းတန်းတစ်ချက် လင်းလက်သွားသည် နှင့် ကျောက်ဆောင်ကြားမှ ရေထဲသို့ ငုပ်ဆင်းတော့မည့်ဖွတ်ကြီးမှာ

ဓားမြောင်တန်းလန်းစိုက်ဝင်လျက် ချောင်းရေစပ်တွင် နှစ်ပတ် သုံးပတ်ခန့်လိမ့်ကာ တစ်စ တစ်စ ငြိမ်သက်သွားပါလေတော့သည် ။

ရုတ်တရက် ထွက်ပေါ်လာသည့် သေနတ်သံနှစ်ချက်ကြောင့် သစ်ပင်ရိပ်အောက်တွင် ထိုင်နေ သည့် ဖိုးနီခမျာ ထိတ်လန့်တကြားနှင့် ဝုန်းခနဲထလိုက်ပါ၏။

"ဘုရား ဘုရား ... ဒီ ... ဒီကောင်တွေ ချောင်းရေစပ်မှာ ဘာတွေဖြစ်ကုန်ကြပြီလဲမသိဘူး ငါ ... ငါ လိုက်သွားဦးမှ ပဲ"

ဖိုးနီတစ်ကိုယ်လုံး ထိတ်လန့်ချောက်ချားစိတ်ဖြင့် တုန်တုန်ယင်ယင် ဖြစ်နေပါချေပြီ။ သွက်လက်သောခြေလှမ်းများက သေနတ်သံထွက်ပေါ်လာရာ ချောင်းရေစပ် မြက်ရိုင်းတောစပ်သို့ ရောက်ရှိလာသည် နှင့် တုန်လှုပ်ဖွယ်ရာမြင်ကွင်းကို မြင်တွေ့လိုက်ရပါတော့သည် ။

"ဟာ"

ချောင်းရေစပ်တွင် သွေးသံရဲရဲနှင့် သေဆုံးနေပြီဖြစ်သည့် ကြီးမားလှသော ရွှေရောင်ဖွတ်သေ ကြီးကို ဆွဲယူနေသည့် အုန်းပေါက်နှင့် မင်းဒင်တို့ ကို သွေးပျက်စွာပင် တွေ့မြင်လိုက်ရပါချေပြီတည်း။

"ဟေး ကိုဖိုးနီ ... ဒီမှာ တွေ့လား ... ကျုပ်တို့ ပစ်ချလိုက်တဲ့ ရွှေရောင်ဖွတ်ကြီးလေဗျာ၊ ရှားရှား ပါးပါး တွေ့ရခဲတဲ့ သတ္တဝါဆိုတော့ ... ဟင်း ဟင်း ... ဒီကနေ့ညစာတော့ ကောင်းကောင်း မြိန်ဦးမှာ ပဲ ဗျို့ ... ဟား ဟား ဟား ဟား"

"ဟာ ... ဟော့ ဟော့ ... ကိုဖိုးနီ ... ခင် ... ခင်ဗျားမျက်နှာကြီးက ဘာ

... ဘာဖြစ်နေတာလဲ ဗျာ ... ဟင်"

မ င်း ဒ င် မှာ မျက်လုံးကြီးပြူးကြောင်ကြောင်နှင့် ဖြူဖပ်ဖြူရော်ဖြစ်သွားသည့် ဖိုးနီ၏ မျက်နှာ ကို တအံ့တသြကြည့်ကာ မေးလိုက်ခြင်းဖြစ်သည် ။ သို့သော် ... ဖိုးနီမှာ မတုန်မလှုပ်နှင့် ...။ သူ၏ ပြူးကြောင်ကြောင်မျက်လုံးများက ဖွတ်သေကြီးမှ တစ်ဆင့် အုန်းပေါက်၏ ခန္ဓာကိုယ်ထက်သို့ စီးကျ နေသော သွေးများ ...။ ထိုမှ တစ်ဆင့် တစ်စက်ချင်း၊ တစ်ကွက်ချင်း ယိုစီးကျနေသည့် နီရဲသောသွေး များက ကြည်လင်နေသော ချောင်းရေတွင် အကွက်လိုက် အကွင်းလိုက် စီးမျောနေသည် ကို ငေးကြောင်လျက် ကြည့်နေခြင်းပင်တည်း။

"ဟာ ... ခင် ... ခင်ဗျားတို့ ... ခင်ဗျားတို့ ..."

ဖိုး နီ မှာ မင်းဒင်နှင့်အုန်းပေါက်တို့ ကို တစ်စုံတစ်ရာကို ပြောချင်နေပါ၏။ သို့သော် အသံက လည်ချောင်းဝမှ မထွက်။ ပါးစပ်က အာစေးမိနေသူတစ်ယောက်နှယ် ဖွင့်မရ၊ ပြောမရဖြစ်နေသည် သို့ ...။

မြွေတစ်ရာချောင်း၏ ကြည်လင်သောရေပြင်ထက်တွင် အုန်းပေါက်သတ်ဖြတ်လိုက်သည့် ရွှေရောင်ဖွတ်ကြီး၏ နီရဲသောသွေးများက ညစ်ညမ်းစွာ စွန်းထင်းပေကျံသွားခဲ့ရပါပြီကော။ ထိုအပြု အမူအတွက် မြွေတစ်ရာဂူတောင်နှင့် မြွေတစ်ရာချောင်းတို့ ကို စောင့်ရှောက်ကြသော တောပိုင်တောင် ပိုင်ကြီးများက မသိသားဆိုးဝါးစွာဖြင့် စည်းကမ်းမဲ့ပြုမူသော အပြစ်သား နှစ်ယောက်တို့ အား ဒဏ်ခတ်ဆုံးမပေတော့မည်။

"ဟာ ... ဟေ့ ဟေ့ ... ကိုဖိုးနီ ... ခင်ဗျားက ဘာဖြစ်နေတာလဲ၊ ဘာလဲ ... ဟိုးရှေးရှေးတုန်း က ရာဇဝင်ပုံပြင်တွေထဲမှာ ရှိတဲ့ မြွေတစ်ရာဂူတောင်ကြီးကို ကြောက်နေတာလားဗျ၊ အင်း ... ခင်ဗျား တို့

ကလည်း ဆွေးမြည့်အိုဟောင်းနေတဲ့ ပုံပြင်တွေကိုလည်း ယုံကြည်နေကြတာပဲကိုး၊ ချောင်းရေထဲ ကို သွေးတွေစီးကျနေတာများ အဆန်းလုပ်နေသေးတယ် ... ဟင်း ဟင်း"

"ဟုတ်ပ့ါ အုန်းပေါက်ရယ် ... ငါတို့ တောင် သွေးစွန်းပေကျံနေတဲ့ လက်တွေခြေတွေကို ဒီချောင်းရေနဲ့ ဆေးကြောကြဦးမှာ ၊ ခင်ဗျားကြောက်ရင် ချောင်းရေထဲကို ဆင်းမလာခဲ့နဲ့ ၊ ကျုပ်တို့ နှစ်ယောက် ကိုယ်လက်သန့်စင်ပြီးရင် ပြန်ကြမယ်"

ကျောက်မီးဆွဲရွာသား ဖိုးနီခင်ဗျာ ပစ္စက္ခအခြေအနေကြောင့် သွေးပျက်ချောက်ချားနေသ လောက် အုန်းပေါက်နှင့် မင်းဒင်တို့ ကမူ ချောင်းရေတွင် ဒူးဆစ်ခန့်အထိဆင်းကာ သူတို့ ၏ လက်များ နှင့် တခြားနေရာတချို့တွင် ပေကျံနေသည့် သွေးညှီများကို ချောင်းရေတွင် စိမ်ပြေနပြေပင် ဆေးကြော သန့်စင်နေကြသည် ။ ထိုအခိုက်မှာ ပင် ...

'ဂျိမ်း ... ဒလိန်း ... ဂျိမ်း'

မြွေတစ်ရာဂူတောင်ထိပ်ဆီမှ တဂျိမ်းဂျိမ်းနှင့် မိုးခြိမ်းသံကြီးများ ဆူညံစွာထွက်ပေါ်လာကြပြီး ကြည်လင်နေသည့် ရာသီဥတုသည် ရုတ်ခြည်းပင် မှို င်းညို့မည်းမှောင်လာခဲ့ပါတော့သည် ။ မကြာမီ တစ်မိုးလုံး မိုးရိပ်မိုးသားများ ဖြင့် အုံ့ဆိုင်းညို့မှို င်း လာပြီး မိုးခြိမ်းသံကြားများ နှင့် မုန်တိုင်းခတ်သံများ က တဂျိမ်းဂျိမ်း၊ တဝေါဝေါဖြင့် ဆူညံစွာ အော်မြည်လာခဲ့ပါချေပြီကော ...။

'ဂျိမ်း ... ဝုန်း ဂျိမ်း ... ဝေါ ဝေါ ... ဝရော ... ဝေါ'

"ဟ ... ဘယ်လိုဖြစ်တာလဲဟေ့ မိုးခြိမ်းသံတွေ တဝုန်းဝုန်းနဲ့ တောင်ထိပ်ဆီမှာ မည်းညို့နေပါ လား အုန်းပေါက်"

"ဟာ ... မင်းကလည်း မိုးခြိမ်းတာ, လတိုက်တာများ အဆန်းလုပ်နေသေးတယ်၊ မိုးရွာမလို့ နေမှာ ပေါ့ကွာ"

ရုတ်တရက် ပြောင်းလဲသွားသော ရာသီဥတုကြောင့် မင်းဒင် အံ့သြထိတ်လန့်စွာကြည့်မော ရင်း ပြောဆိုနေခိုက်မှာ မိုးရောလေပါ တဝေါဝေါနှင့် ရွာချ လာပြီး မြွေတစ်ရာချောင်းထိပ်ဆီမှ ကြီးမားသောရေလုံးကြီးက သူတို့ ရှိရာသို့ ဝေါခနဲ ဝါးလုံးထိုးဆင်းချလာပါတော့သည်။

'ဝေါ ... ဝေါ ... ဝေါ ... ဝေါ'

"ဟာ ... မိုးရောလေရော ချ လာပြီဟေ့ ... ကမ်းပေါ်မြန်မြန်တက် အုန်းပေါက်ရေ"

မင်းဒင်က ဖွတ်သေကြီးမှ သွေးညှီများကိုပါ ဆေးကြောနေသည့် အုန်းပေါက်ကို သတိပေး အော်ဟစ်လိုက်ရင်း ဒူးဆစ်ခန့် ချောင်းရေစပ်မှ ကမ်းဘက်သို့ ပြေးတက်ရန် ကြိုးစားလိုက်သည်။

"ဟင်"

"အိုး ... ငါ ... ငါ့ခြေထောက် ကျောက်တုံးကြားမှာ ညပ်နေတာလားမသိဘူး၊ နုတ် ... နုတ် လို့ မ ... မရ ... ဟာ ... ဟို ... ဟိုမှာ "

ထိုစဉ်မှာ ပင် ချောင်းရေထဲတွင် ဝေ့ဝဲစီးမျောနေသည့် သွေး နီ စီး ကြော င်း ကြီး မှာ တဝေါဝေါနှင့် အော်မြည်ကာ ဝဲကတော့ကြီးသဖွယ် ဝဲလှည့်လှိုင်းထန် လာပြီး ထိုသွေးနီရောင်ဝဲကတော့ကြီးထဲမှ ကြီးမားမည်းနက်လှသည့် မြွေကြီးတစ်ကောင် ဝေါခနဲထိုးထွက်လာပါတော့သည်။

"ဟာ ... အ ... အ ... မြွေ ... မြွေ ... မြွေကြီး"

"အား ... အမလေး"

ရဲရဲနီသော မျက်လုံးကြီးနှစ်လုံး၊ တစ်တောင်ကျော်ခန့်ရှည်၍ ထွက်ချည်ဝင်ချည်လုပ်နေသည့် မည်းနက်နေသည့် လျှာနှစ်ခွ၊ ပေါင်လုံးခန့်ရှိသည့် လုံးပတ်နှင့် ကြီးမားပြန့်ကားလျက်ရှိသော ပါးပျဉ်း ခွက်ဖြန့်ကာ ...

ကြောင်ငေး၍ ကြည့်နေကြသည့် အုန်းပေါက်နှင့် မင်းဒင်တို့ ၏ ခန္ဓာကိုယ်များကို တဝှီးဝှီးနှင့် လျင်မြန်စွာ ရစ်ပတ်ဆွဲယူလိုက်သည် ။

'ဝေါ ... ဝရော ... ဝေါ ... ဝှီး'

"ဟာ"

"အ ... အား"

တစ်ချိန်တည်းမှာ ပင် မြွေတစ်ရာချောင်းအား မလေးမစားပြုလုပ်၍ အပြစ်များကျူးလွန်ခဲ့ သည့် အပြစ်သားနှစ်ယောက်ဖြစ်ကြသော အုန်းပေါက်နှင့်မင်းဒင်တို့ ကို သူ၏ ကြီးမျှား တုတ်ခိုင်လှ သော မြွေပါးပျဉ်းကြီးနှင့် လျင်မြန်စွာ ဆွဲယူရစ်ပတ်ကာ ချောင်းရေအတွင်းသို့ ဆွဲငင်နစ်မြုပ်ပစ်လိုက် ပါချေပြီတည်း။

'ဝေါ ... ဖရော ... ဝုန်း'

"အား ... အီး ... အား"

သွေးပျက်ချောက်ချားဖွယ် အနိဋ္ဌာရုံအဖြစ်ဆိုးကြီးကို မျက်လုံးကြီးအပြူးသား၊ ပါးစပ် အဟောင်းသားနှင့် တွေ့မြင်လိုက်ရသည့် ဖိုးနီခမျာမှာ လည်း နေရာမှာ ပင်

ထိတ်လန့်သွေးပျက်စွာဖြင့် တဆတ်ဆတ် တုန်ယင်နေပါချေပြီကော ...။

တစ်ဆက်တည်းမှာ ပင် မြွေတစ်ရာဂူတောင်ထိပ်ဆီမှ မိုးကြီးပြိုကျလာသည့်နှယ် တဝေါဝေါ နှင့် သဲသဲမဲမဲရွာချလိုက်သည့် မိုးစက်ရေလှိုင်းလုံးကြီးများ အောက်တွင် ညစ်ညစ်ထွေးထွေး သွေးညှီနံ့ တို့ သည် လည်းကောင်း၊ အပြစ်သားနှစ်ယောက်ဖြစ်ကြသည့် မင်းဒင်နှင့် အုန်းပေါက်တို့ သည် လည်း ကောင်း၊ ဝါးလုံးထိုး စီးဆင်းကျလာသည့် ချောင်းရေလှိုင်းလုံးကြီးများ နှင့်အတူ ပျောက်ကွယ်သွားခဲ့ ပါတော့သည် ။

'ဝေါ ... ဝေါ ... ဝရုန်း ... ဝေါ'

တိုက်ဆိုင်မှုကြီးတစ်ခုပင်လေလား သို့မဟုတ် ... မြွေတစ်ရာဂူ တောင်ပိုင်တောပိုင်ကြီးများ နှင့် မြွေတစ်ရာချောင်းကို စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ ၏ ပညတ်ချက်များကို မသိသားဆိုးဝါး စွာဖြင့် ကျူးလွန်စော်ကားခဲ့၍ လေလား မသိ ...။ အပြစ်သားနှစ်ယောက် ချောင်းရေတွင် ပျောက်ကွယ် နစ်မြုပ်သွားခဲ့ကြပြီး မိုးစဲ၍ ရာသီဥတု ပြန်လည်ကြည်လင်သွားချိန်မှာ တော့ မြွေတစ်ရာချောင်းရေ သည် ပုံမှန်အတိုင်းပင် ကြည်လင်သန့်စင်အေးငြိမ်းစွာဖြင့် စီးဆင်းမြဲစီးဆင်းလျက် ရှိနေပါတော့ သည် ။

***

# အခန်း(၂)

## ၁၉၄၂...ခုနှစ်၊ ဒီဇင်ဘာရှင်းတမ်း

အချိန်က ... တစ်ကမ္ဘာလုံး ဒုတိယကမ္ဘာစစ်မီးကြီး တဟုန်းဟုန်းနှင့် တောက်လောင်နေချိန် ...။

ဥရောပတိုက်ကြီးတွင် နာဇီဂျာမန်တို့ မွှေးလိုက်သောမီးတစ်စကြောင့် မထင်မှတ်ဘဲ မီးပွားများ တဖွားဖွားတောက်လောင်နေချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ အင်္ဂလိပ်ဗြိတိသျှနယ်ချဲ့များမှာ လည်း တပ်လှန့်သံကို နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် နားစွင့်နေရချိန်လည်း ဖြစ်ပါ၏။

အကြောင်းသော်ကား အာရှတိုက်တွင် နေ့ချင်းညချင်း ဆိုသလို စစ်ရေးတန်ခိုးထွားလာသော ဂျပန်ဖက်ဆစ်တို့ သည် မြန်မာနိုင်ငံအား မည်သည့်အချိန်တွင် ထိုးစစ်ဆင်တိုက်ခိုက်လေမည်လဲဟု စိုးတထိတ်ထိတ်ဖြင့် စိတ်ပူပန်နေရသောကြောင့် ဖြစ်သည် ။ ထိုကဲ့သို့ စိုးရိမ်ပူပန်သည့်အလျောက် မျက်နှာဖြူ အင်္ဂလိပ်အစိုးရသည် ဂျပန်တို့ ထိုးစစ်ဆင်တိုက်ခိုက်လာနိုင်သည့် ရှမ်းပြည်နယ်ဘက်တွင် သူတို့ ၏ စစ်တပ်များကို တပ်ဖြန့်၍ ချထားခဲ့သည် ။

သို့သော် တကယ်တမ်း မြန်မာပြည်အတွင်းသို့ ဂျပန်စစ်တပ်များ

ဝင်ရောက်တိုက်ခိုက်ကြ သောအခါတွင် အင်္ဂလိပ်တို့ လုံးဝထင်မှတ်မထားသည့် တနင်္သာရီတိုင်းဘက်မှ အလုံးအရင်းနှင့် အလစ်ဝင်ရောက်ထိုးစစ်ဆင် တိုက်ခိုက်လာကြသည် ။ ထို့ကြောင့် အင်္ဂလိပ်တို့ ၏ အမှတ် (၁၇) အိန္ဒိယ- ဗြိတိသျှတပ်မကြီး (Indian-British 17 DIV) သည် ဂျပန်တို့ ၏ ထိုးစစ်ကို မခံနိုင်ကြတော့ဘဲ ဒရောသောပါးနှင့် ကစဥ့်ကလျား ဆုတ်ခွာခဲ့ကြရသည် ။

စစ်ဦးဘီလူးပုံစံဖြင့် ထိုးစစ်အဟု န်မြင့်ကာ တိုက်ခိုက်လာသည့် ဂျပန်တပ်များ သည် မော်လမြိုင်မြို့ကို သိမ်းပိုက်လိုက်ပြီးနောက် သထုံ၊ ဘီလင်း၊ ကျိုက်ထိုမြို့ကြီးများ အထိ တောက် လျှောက် ထိုးစစ်ဆင် တိုက်ခိုက်သိမ်းပိုက်လာနိုင်ခဲ့သည် ။ သို့သော် ဂျပန်တို့ ၏ စစ်ဗျူဟာအခင်း အကျင်းကြောင့် ဗြိတိသျှအင်္ဂလိပ်အမှတ်(၁၇) တပ်မကြီး၏ စစ်ဆင်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်နိုင်ခဲ့သည် ။ သို့တိုင်အောင် ဂျပန်တို့ သည် ဖွဲ့နပဲကြီးစွာဖြင့် စစ်တောင်းမြစ်ကို မဖြစ်ဖြစ်သည့်နည်းဖြင့် ဖြတ်ကျော်ကာ အင်္ဂလိပ်စစ်တပ်များ နောက်သို့ လိုက်လံတိုက်ခိုက်ရင်း ရန်ကုန်မြို့ကြီးအား သိမ်းပိုက်နိုင်ရန် ကြိုးစားလာခဲ့သည် ။

တစ်ဖက်တွင် လည်း ... ပဲခူးရိုးမကိုကျော်ဖြတ်လာကြသော ဂျပန်စစ်တပ်ကြီးသည် ရန်ကုန်မြို့ ကို မြို့သိမ်းတိုက်ပွဲဆင်နွှဲရန်အတွက် တစ်ဟု န်ထိုး ချီတက်လာနေကြပြီဖြစ်ပါ၏။ နောက်ဆုံး (၁၉၄၂) ခုနှစ်၊ ဒီဇင်ဘာ (၂၃)ရက်နေ့တွင် ရန်ကုန်မြို့ကို ဂျပန်တို့ ၏ ဗုံးကြဲလေယာဥ် (၁၀၀)ကျော်ခန့်က ဗုံးကြဲတိုက်ခိုက်ပြီးခဲ့သည့်နောက်ပိုင်းမှ စ၍ အာရှတစ်ခွင်၌ စစ်ရေးမလုပ်ခဲ့သော အင်္ဂလိပ်တို့ သည် ဖြစ်ပေါ် လာမည့် စစ်ရေးအခြေအနေကို သုံးသပ်ကာ သူ၏ နောက်လိုက်သြဇာခံများ

နှင့်အတူ မြန်မာ့မြေပေါ်မှ အိန္ဒိယနိုင်ငံ (အင်ဖာမြို့)သို့ ဦးတည်ဆုတ်ခွာသွားကြရပါတော့သည် ။

ရ န် ရှ ယ် ချ က် မှာ အင်ဖာမှ တစ်ဆင့် အိန္ဒိယဘက်သို့ ဆုတ်ခွာရန်ပင်ဖြစ်ပါလေ၏။ ထိုအချိန် ထိုကာလသည် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ စစ်ပြေးဒုက္ခသည် များ ၊ စစ်လမ်းကြောင်း ကျ၍ ပုန်းရှောင်ပြေးသူများ ဖြင့် တစ်ပြည်လုံး ရင်ဆူလှိုက်ဖိုး အပူလုံးကြွကာ ဗျာပွေရှုပ်ထွေးလျက် ရှိပါတော့သည် ။

ဂျပန်တို့ ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အင်္ဂလိပ်တို့ ဆုတ်ခွာကြရသည့်အတောအတွင်း မြန်မာတိုင်းရင်းသားရဲဘော်များကိုလည်း တပ်မှ ထွက်၍ မွေးရပ်မြေဇာတိဌာနေများ သို့ ပြန်သွားလိုက ပြန်ခွင့်ပြုခဲ့သည် ။ ထိုကဲ့သို့ ပြန်ခွင့်ရရှိသူများအား တစ်ဦးလျှင် ရိုင်ဖယ်သေနတ်တစ်လက် ကျည်ဆန် အတောင့်ငါးဆယ်နှင့် လစာသုံးလစာ ထုတ်ပေးပါလေ၏။ တစ်ချိန် အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပါက အမှုပြန်ထမ်းလိုသူများ သတင်းပေးပို့ကြပါရန် မှာ ကြားထားခဲ့သည် ။

ထိုအချိန်ထိုကာလ မင်းမောင်သည် တောင်ငူနယ်ရှိ အမှတ်(၁) ဘားမားရိုင်ဖယ်တပ်တွင် စစ်မှု ထမ်းဆောင်နေချိန်ဖြစ်ပါ၏။ ထိုအမှတ်(၁) ဘားမားရိုင်ဖယ်တပ်ရင်းအပါအဝင် အမှတ် (၁) (၂) မြန်မာ့တပ်မများ လက်အောက်ရှိ တပ်ရင်းများ တွင် မင်းမောင်ကဲ့သို့ မြန်မာနိုင်ငံမှ တိုင်းရင်းသား အများ အပြားပါဝင်၍ စစ်မှုထမ်းကြသည် ။ သို့ရာတွင် အကြပ်ကြီး၊ အရာခံနှင့် အရာရှိများမှာ မူ အင်္ဂလိပ်မျက်နှာဖြူများ ချည်းသာ ဖြစ်ကြပါလေ၏။

မ င်း မော င် မှာ အင်္ဂလိပ်စစ်တပ်တွင် တပ်ကြပ်အဖြစ်

တာဝန်ထမ်းဆောင်နေခဲ့ရာမှ စစ်ရေးစစ် ရာအရ အရေးကြီးနေချိန်တွင် စစ်တပ်မှ ထွက်ခွင့်ရခဲ့သဖြင့် သေနတ်နှင့်ကျည်ဆန်ငါးဆယ်ကို မယူတော့ဘဲ သူ၏ လစာ သုံးလ,စာကိုသာ ထုတ်ယူရန် ဆုံးဖြတ်လိုက်ပါတော့သည် ။

ထိုအချိန်မှာ ပင် ...

"ဆရာ ... ဆရာမင်းမောင် ... ဗိုလ်မှူးကလင့်ဖို့ ဒ်ခေါ်နေတယ်၊ အခုချက်ချင်း ရုံးခန်းကိုလာ ခဲ့ပါတဲ့ "

သူနှင့်အတူ တာဝန်ထမ်းဆောင်နေသည့် ဒုတပ်ကြပ်မာနူးက မင်းမောင်ထံ သတင်းပို့လာ သဖြင့် ရုံးခန်းသို့ရောက်ရှိလာခဲ့သည် ။ ရုံးခန်းစားပွဲတွင် စစ်သုံးမြေပုံတစ်ချပ်နှင့် အလုပ်ရှုပ်နေသည့် ဗိုလ်မှူးကလင့်ဖို့ ဒ်ကို မင်းမောင် အရိုအသေပြုကာ စားပွဲရှေ့တွင် ရပ်လိုက်သည် ။

"သြော် ... မင်းမောင် ရောက် လာပြီလား၊ ထိုင်ကွာ ကျွန်ုပ် အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင် စရာရှိလို့ မောင်ရင့်ကို ခေါ်လိုက်ရတာ"

"ဟုတ်ကဲ့ ... ပြောပါ ဗိုလ်မှူး"

သို့သော် တကယ်တမ်း မင်းမောင် ထိုင်ခုံတွင် ထိုင်လိုက်သည့်တိုင် ဗိုလ်မှူးကလင့်ဖို့ ဒ်က မည်သည့်စကားမျှ မဆိုသေးဘဲ လက်ထဲတွင် ကိုင်ထားသည့် ခဲတံလေးနှင့် စားပွဲကို တဒေါက်ဒေါက် နှင့်သာ ခေါက်နေပါလေ၏။ ပြတင်းတံခါးမှ တိုက်ခတ်လာသော နံနက်ခင်းလေပြည်က ခန်းဆီးစကို တိုးဝှေ့ဖြတ်ကျော်ကာ စားပွဲပေါ်ရှိစာရွက်များကို တဖျပ်ဖျပ်နှင့် လှုပ်ခတ်စေသည် သို့။

တိတ်ဆိတ်နေသည့် တပ်ရင်းရုံးခန်းထဲတွင် စာရွက်လေတိုးသံ တဖျပ်ဖျပ်ကသာ ကြီးစိုးမင်းမူ နေပါလေ၏။ အတန်ကြာမှ မျက်စိစုံမှိတ်၍ ခဲတံနှင့်စားပွဲကို တဒေါက်ဒေါက်ခေါက်ကာ စဉ်းစားဟန်ပြုနေသည့် ဗိုလ်မှူးကလင့်ဖို့ ဒ်မှာ ရှေ့သို့ အတန်ငယ်ကိုင်းလျက် တပ်ကြပ်မင်းမောင်၏ မျက်နှာကို စေ့စေ့စူးစူးကြည့်ကာ ...

"ဒီမှာ မင်းမောင် ... မင်း တပ်ကနေ ထွက်ခွင့်တင်ထားတယ်ဆိုတာ ဟုတ်သလား"

ရုတ်တရက် ကောက်ကာငင်ကာမေးလိုက်သော ဗိုလ်မှူးကလင့်ဖို့ ဒ်၏ မေးခွန်းကြောင့် မင်းမောင် ခေတ္တခဏမျှ ငေးကြောင်သွားမိသည် ။ ပြီးမှ ...

"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် ဗိုလ်မှူး"

"အေး ... ဒီလိုဆိုရင် ဒီကနေ့ နေ့လယ်လောက်မှာ ဆုတ်ခွာရေးလမ်းကြောင်းကြည့်ရင်း အရေးကြီးတဲ့ စစ်လက်နက်ပစ္စည်းတချို့ မြှုပ်နှံထားခဲ့ချင်လို့ ကြွက်နဖားတောင်ဘက်ကို လိုက်ခဲ့ပေး စမ်းပါ မင်းမောင်၊ အဲဒါ ... စစ်ထရပ်ကား သုံးစီးထဲကို စစ်လက်နက်တွေနဲ့ ခဲယမ်းမီးကျောက်တချို့ကို အပြည့်ထည့်ပြီး အလုံပိတ်ထားတယ်၊ နေ့လယ်ခင်းလောက်ကစပြီး ခရီးထွက်ပါမှ ကြွက်နဖား တောင်ခြေကို ညနေနေဝင်ရီသရောလောက်မှာ ရောက်မယ်၊ ဒီတစ်ခုတော့ ကျွန်ုပ်ကို နောက်ဆုံးအနေ နဲ့ ကူညီဆောင်ရွက်ပေးပါ မင်းမောင်"

ထို့နောက် သူ့ရှေ့ရှိ မြေပုံကားချပ်ပေါ်သို့ ခဲတံချွန်နှင့် ထောက်လိုက်၊ မင်းမောင်အား ရှင်းပြ လိုက်နှင့် ဗိုလ်မှူးကလင့်ဖို့ ဒ်မှာ အလုပ်ရှုပ်နေပါချေတော့သည် ။ ဤသို့ဖြင့် တပ်ကြပ်ကြီးမင်းမောင်မှာ

ဗိုလ်မှူးကလင့်ဖို့ ဒ်၏ လုပ်ငန်းစဉ်ကြီးအား နောက်ဆုံးအနေဖြင့် ဝိုင်းဝန်းလုပ်ဆောင်၍ အကူအညီ ပေးရန် ဆုံးဖြတ်လိုက်ပါချေတော့သည် ။

***

မြွေတစ်ရာဂူတောင် ...

ပျဉ်းမနားကို ကျော်ထွက်လာသည် နှင့် တောင်ရိုးတောင်စွယ်အသွယ်သွယ်ဖြင့် မို့မောက်မြင့် စောက်လှသည့် ရှမ်းရိုးမတောင်တန်းကြီးက မှိုင်းမှိုင်းညို့ညို့ဖြင့် ဆီးကြိုနေလေသည် သို့။

နတ်တော်၊ ပြာသို နှင်းစိုစိုတွင် ခွာညိုသင်းစ ဆောင်းရာသီကာလဖြစ်သဖြင့် တောင်စောင်း တောင်ခါးပန်းတို့ တွင် နှင်းမြူများက ဝေဆိုင်းရစ်သိုင်းလျက်။ သာစည်ကိုကျော်သည် နှင့် ကတ္တရာ လမ်းမကြီးမှ ခွဲထွက်၍ တောလမ်းကျယ်အတိုင်း စစ်ထရပ်ကားသုံးစီးက အရှိန်မပျက် မောင်းနှင်လာ ကြသည် ။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်ရှိ တောအုပ်ညို့ညို့ကို တရိပ်ရိပ် ဖြတ်သန်းခဲ့ပါ၏။

မှို င်းညို့ညို့နှင့် မြင့်မားမတ်စောက်လှသည့် ကြွက်နဖားတောင်နှင့်အတူ မြွေတစ်ရာဂူတောင် ကြီးကိုပါ တစ်ဆက်တည်း တွေ့မြင်နေကြရသည် ။

လူသူစွန့်ခွာသွားကြဟန်တူသည့် ရွာပျက်ကြီးတစ် ခုကို ကျော်လွန်လာခဲ့သည် ။ စစ်ထရပ်ကားကြီး သုံးစီးကမူ အရှိန်မပျက် ခပ်မှန်မှန်ပင် ဆက်လက် မောင်းနှင်နေကြဆဲ။

မကြာမီ ဝင်လုဆဲနေလုံးနီနီကြီးကို နောက်ခံပြုထားသည့် မြွေတစ်ရာဂူတောင်ခြေသို့ ဆိုက် ရောက်လာကြပါ၏။ အတက်အဆင်းအကွေ့အကောက်များ လှသော မြွေတစ်ရာဂူတောင်ပေါ်သို့ ကားများ တက်ရောက်ရန် မဖြစ်နိုင်သဖြင့် မြွေတစ်ရာချောင်းအနီးတွင် ကားများကို ရပ်တန့်လိုက်ရ သည် ။

ထရပ်ကားကြီးသုံးစီးရပ်လိုက်သည် နှင့် ကားပေါ်မှ ဂေါ်ရာစစ်သားများက လျင်မြန်စွာ ခုန်ဆင်းလာကြပြီး လုံခြုံရေးယူလိုက်ကြသည် ။ ထို့နောက် ရှေ့ဆုံးထရပ်ကားကြီးပေါ်မှ ဗိုလ်မှူး ကလင့်ဖို့ ဒ်နှင့် တပ်ကြပ်ကြီးမင်းမောင်တို့ ဆင်းလာကြပြီး ပတ်ဝန်းကျင်အနေအထားကို အသေးစိတ် လေ့လာအကဲခတ်နေကြပါ၏။

ပတ်ဝန်းကျင်တွင် တောင်စွယ်တောင်တန်းများက သဘာဝအရံအတား တံတိုင်းကြီးများ သဖွယ် အထက်ထပ်ဝိုင်းရံထားကြသည် ကို တွေ့မြင်နေရသည် ။ ကြွက်နဖားတောင်၊ မင်းပုန်းတောင်၊ မြွေတစ်ရာဂူတောင်နှင့် မြေဝါတောင်တို့ က ဆင့်ကာစီကာဖြင့် မို့မို့မောက်မောက်ရှိနေကြပါ၏။ အရွက် ဖားဖားနှင့် ကျွန်းပင်ကြီးများ နှင့် ကညင်ပင်ကြီးများကလည်း ထူထပ်သိပ်သည်းစွာ ပေါက်ရောက် လျက်ရှိသဖြင့် ဤနေရာသည် လုံခြုံရေးအတွက် စိတ်ချရသောအနေအထားရှိသည် ဟု ဗိုလ်မှူးကလင့် ဖို့ ဒ် ဆုံးဖြတ်လိုက်ပါလေ၏။

"ဗဲရီးဂွတ် သိပ်ကောင်းတယ် မင်းမောင်၊ ကျွန်ုပ်ရဲ့ စိတ်ကူးထဲက နေရာကောင်းတစ်ခုပဲ၊ ဟိုးဘက်မှာ ကျွန်းပင်အုပ်အုပ်တစ်စုလည်း ရှိတယ်၊ ကျွန်ုပ်ရဲ့ သဘောအတိုင်း ဆိုရင်တော့ ဟောဟို ကညင်ပင်ကြီးသုံးပင်ရဲ့ အောက်ဘက် လျှိုကြီးထဲမှာ ပါလာတဲ့ လက်နက်ခဲယမ်းသေတ္တာတွေကို မြှုပ်နှံ ချင်တယ် မင်းမောင်"

"ကောင်းပါတယ် ဗိုလ်မှူး၊ လျှိုကြီးထဲဆိုတော့ ပိုပြီးတော့ လုံခြုံစိတ်ချရတာပေါ့၊ ဒါဆိုရင် ကားပေါ်က သေတ္တာတွေကို ချခိုင်းလိုက်တော့မယ် ဗိုလ်မှူး"

"အိုကေ မင်းမောင် ... အို ... နိုး နိုး ... ကျွန်ုပ်ရဲ့ ကားပေါ်မှာ ပါတဲ့ သေတ္တာကြီးတစ်လုံးက လွဲပြီး ကျန်တဲ့ သေတ္တာတွေအားလုံး လျှိုကြီးထဲမှာ မြှုပ်လိုက်ပါ မင်းမောင်"

ဤသို့ဖြင့် ကားနှစ်စီးပေါ်မှ သေတ္တာကြီးခြောက်လုံးကို ခေါ်ယူလာသည့် အချုပ်သားများ ဖြင့် အောက်သို့ချစေပြီး ကညင်သုံးပင်တစ်ဖက်ရှိ လျှိုကြီးထဲတွင် မြေကျင်းကြီးတစ်ခု တူးစေပါ၏။ ထိုအချိန်တွင် ဗိုလ်မှူးကလင့်ဖို့ ဒ်က တပ်ကြပ်ကြီးမင်းမောင်နှင့် ဂေါ်ရာစစ်သားသုံးယောက်၊ အချုပ်သားနှစ်ယောက်တို့ ကို သီးသန့်ခေါ်ယူကာ သူ၏ ထရပ်ကားကြီးပေါ်သို့တင်လျက် တစ်နေရာသို့ မောင်းနှင်လာခဲ့သည် ။

စင်စစ် ဗိုလ်မှူးကလင့်ဖို့ ဒ်သည် လွန်စွာစေ့စပ်သေချာသူတစ်ယောက် ဖြစ်ပါ၏။ အဓိကပစ် မှတ်ဖြစ်သော သေတ္တာကြီးကိုမြှုပ်နှံရန်အတွက် ကြိုတင်၍ နေရာရွေးချယ်ခဲ့ပြီးဖြစ်သည် ။ သို့သော် ထိုနေရာသို့ သူ၏ သီးသန့်သေတ္တာကြီးနှင့်အတူ သူ၏ သီးသန့်ရွေးချယ်ထားသည့်

ရဲဘော်များကိုသာ ခေါ်ယူခဲ့ခြင်းဖြစ်သည် ။

မိနစ်နှစ်ဆယ်ကျော်ကျော်ခန့် ကွေ့ပတ်၍ မောင်းနှင်လာခဲ့ပြီးမှ လွန်စွာနက်ရှိုင်းထူထပ်သော မြွေတစ်ရာဂူတောင်ခုလတ် တောအုပ်ကြီးအတွင်းသို့ ရောက်ရှိလာခဲ့ပါ၏။ မကြာမီ ရစ်ခွေစီးဆင်း လျက်ရှိသော ချောင်းငယ်တစ်ခုနှင့် အတန်ငယ်ကျယ်ဝန်းလှသော ကျောက်ဂူတစ်ခုကို ချုံနွယ်ပိတ် ပေါင်းများကြားတွင် မြင်တွေ့လိုက်ရသည် ။

"ရှေ့နားက ချောင်းကွေ့မှာ ကားကိုရပ်မယ်ဟေ့"

ဗိုလ်မှူးကလင့်ဖို့ ဒ်အမိန့်ပေးသံနှင့်အတူ ထရပ်ကားကြီးက ဝူးခနဲ ထိုးရပ်သွားပါလေ၏။ ထုံးစံအတိုင်းပင် ကားပေါ်တွင် တစ်လုံးတည်းသာကျန်ရှိတော့သည့် သေတ္တာကြီးကို အချုပ်သားနှစ် ယောက်အား ထမ်းချစေပြီး တောနက်ကြီးထဲသို့ ဝင်ရောက်ခဲ့ကြပါတော့သည် ။

***